## ညှဉ်းပန်းနှိပ်စက်ခံရသူများကို ကူညီထောက်ပံ့ရေး အပြည်ပြည်ဆိုင်ရာနေ့
## ၂၀၁၈ ခုနှစ် ဇွန်လ ၂၆ ရက်နေ့

ညှဉ်းပန်းနှိပ်စက်မှုများပပျောက်ရေးနှင့် အသက်ရှင်ကျန်ရစ်သူများ၏ လိုအပ်ချက်များအတွက် ဆောင်ရွက်ပေးခြင်းသည် ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် အဓိကကျသည့်လုပ်ငန်း ဖြစ်သည်။

အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံ (WLB)၊ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်(မြန်မာနိုင်ငံ) (ND-Burma)၊ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)၊ ဂိမုတ္တိအမျိုးသမီးအဖွဲ့ (VWO)နှင့် အာရှတရားမျှတမှုနှင့် အခွင့်အရေးဆိုင်ရာအဖွဲ့ (AJAR) တို့မှ ညှဉ်းပန်းနှိပ်စက်မှုများ အဆုံးသတ်ရန်နှင့် အသက်ရှင်သန်လွတ်မြောက်လာသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ရန် ပန်ကြားလိုက်သည်။

WLB, ND-Burma, AAPP, VWO နှင့် AJAR အဖွဲ့တို့က ညှဉ်းပန်းနှိပ်စက်ခံရသူများအား ကူညီထောက်ပံ့ရေးနေ့ အခမ်းအနားတစ်ရပ်အား ရန်ကုန်မြို့တွင်ပူးတွဲ စီစဉ်ကျင်းပသည်။ အခမ်းအနားကို နာရေးကူညီမှုအသင်း (ရန်ကုန်) ၏ သုခခန်းမတွင် နေ့လည် ၁း၃၀ မှ ၃း၃၀ တွင် ကျင်းပသည်။ အခမ်းအနားတွင် ညှဉ်းပန်းနှိပ်စက်မှုများမှ အသက်ရှင်လွတ်မြောက်လာသူများနှင့်အတူ စည်းလုံးခြင်းကို ပြသပြီး ညှဉ်းပန်းနှိပ်စက်ခံရသူများ၏ လိုအပ်ချက်များအကြောင်း မျှဝေကြသည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ ဘာသာပြန်ထုတ်ဝေထားသော ညှဉ်းပန်းနှိပ်စက်မှုများအား ဆန့်ကျင်သည့် ကုလသမဂ္ဂသဘောတူစာချုပ် (UNCAT) စာအုပ်ကို အခမ်းအနားတွင် ဖြန့်ဝေသည်။

မြန်မာနိုင်ငံတွင် ညှဉ်းပန်းနှိပ်စက်မှုများကို နိုင်ငံတော်အဖွဲ့အစည်းများက အတိတ်တွင်သာမက လက်ရှိကာလတွင်ပင် ကျင့်သုံးလျက်ရှိသည်။ အထူးသဖြင့် ပဋိပက္ခများဖြစ်ပွားနေသော တိုင်းရင်းသားဒေသများတွင် ဖြစ်သည်။ ညှဉ်းပန်းနှိပ်စက်မှုများကို ထိန်းသိမ်းရေးစခန်းများနှင့် စစ်ကြောရေးများတွင် အသုံးပြုလျက်ရှိပြီး သတင်းအချက်အလက် ရရှိရန်နှင့် အတင်းအကြပ်ဝန်ခံ ထွက်ဆိုစေရန် အသုံးပြုသည်ကို မကြာခဏတွေ့ရှိရသည်။ ရွာသားများအား တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပတ်သက်သည်ဟု သံသယဖြစ်ကာ စစ်တပ်မှ မကြာခဏဖမ်းဆီးပြီး ညှဉ်းပန်းနှိပ်စက်မှုများလည်း ရှိသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည်လည်း ညှဉ်းပန်းနှိပ်စက်မှုတွင် အကျုံးဝင်သည်။ တရားစီရင်ရေး အာဏာအရ ညှဉ်းပန်းနှိပ်စက်မှုပပျောက်ရန်နှင့် တားဆီးကာကွယ်ရန်မှာ အစိုးရ၏တာဝန် ဖြစ်သည်။

အစိုးရအနေဖြင့် ညှဉ်းပန်းနှိပ်စက်မှု၊ လူမဆန်စွာ ရက်စက်မှု (သို့မဟုတ်) လူ့ဂုဏ်သိက္ခာနှင့် မလျော်ညီစွာ ပြုကျင့်ခံရမှု (သို့မဟုတ်) အပြစ်ဒဏ်ပေးမှုတို့ကို ဆန့်ကျင်သည့် ကုလသမဂ္ဂစာချုပ် (UNCAT) ကို မဖြစ်မနေ လက်မှတ်ရေးထိုးရမည် ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် မြန်မာနိုင်ငံတွင် ညှဉ်းပန်းနှိပ်စက်မှုများ ပပျောက်ရေးအတွက် အရေးကြီးသည့် ခြေလှမ်းတရပ်ကို လှမ်းလိုက်ခြင်းဖြစ်ပြီး အသက်ရှင်ကျန်ရစ်သူများနှင့်လည်း တသားတည်းဖြစ်သည်ဟု သင်္ကေတအားဖြင့် ကတိကဝတ်ပြုရာလည်း ရောက်သည်။

ညှဉ်းပန်းနှိပ်စက်ခံရသူများအနေဖြင့် ပြန်လည်ကုစားမှုနှင့် အထောက်အပံ့များ ရယူပိုင်ခွင့်ရှိသည်။ အများအားဖြင့် လက်ရှိခံစားနေရခြင်းနှင့် ဆိုးရွားသည့် ကျန်းမာရေးအခြေအနေတို့ကြောင့် တချို့နစ်နာခဲ့ရသူများသည် စောစောစီးစီးနှင့် အချိန်မတိုင်မီ အသက်ဆုံးရှုံးရခြင်းများ ရှိနေသည်။ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးသည် အရေးပေါ်လိုအပ်မှုဖြစ်သည်။ တခြားလိုအပ်ချက်များအဖြစ် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှု၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းနှင့် အများပြည်သူရှေ့မှောက်တွင် အသိ

အမှတ်ပြုပေးခြင်းများပြုလုပ်ရန်လည်း လိုအပ်သည်။ ပြန်လည်ကုစားမှုနှင့် ညှဉ်းပန်းနှိပ်စက်ခံရသူများ၏ လိုအပ်ချက်များ ထုတ်ဖော်ခြင်းသည် အစိုးရ၏ အဓိကဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်း ဖြစ်သည်။ အဆိုပါ အကြောင်းအရာများကို လွှတ်တော်တွင် ဆွေးနွေးရမည့် အချက်များအဖြစ် ထားရှိသင့်ပြီး လက်ရှိငြိမ်းချမ်းရေး ဖြစ်စဉ်တွင် မဖြစ်မနေထည့်သွင်းဆွေးနွေးရမည် ဖြစ်သည်။

ညှဉ်းပန်းနှိပ်စက်မှုများ ကျင့်သုံးခြင်း ပပျောက်စေရန် ကတိပြုဆောင်ရွက်စေရေးအတွက် မိမိတို့မှမြန်မာအစိုးရအား အောက်ပါအကြံပြုချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန် တိုက်တွန်းအပ်ပါသည်။

- လက်နက်ကိုင်တိုက်ပွဲများကြောင့် အရပ်သားများ ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကင်းဝေးစေရန် စစ်ပွဲများ ရပ်တန့်ပြီး အဓိပ္ပါယ်ရှိသည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲဖြင့် အဖြေရှာရန်။
- အရပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ညှဉ်းပန်းနှိပ်စက်မှုများ အပါအဝင် စစ်တပ်မှ ကျူးလွန်မှုများကို အပြစ်ပေးအရေးယူခြင်း ကင်းလွတ်နေမှုများမှ ကင်းဝေးစေရန်။
- အသက်ရှင်သန်လွတ်မြောက်သူများ၏ တရားမျှတမှုရရှိပိုင်ခွင့်အခွင့်အရေးကို အသိအမှတ်ပြုပြီး ကျူးလွန်သူများကို တာဝန်ခံစေရေးအတွက် တရားရေးဆိုင်ရာအကူအညီများနှင့် ပွင့်လင်းမြင်သာသော တရားမျှတမှုစနစ်ရရှိရန်။
- ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေး ကုလသမဂ္ဂစာချုပ်အား လက်မှတ်ရေးထိုးရန်နှင့် ဥပဒေအဖြစ် ပြဋ္ဌာန်း ဆောင်ရွက်ရန်။
- ငြိမ်းချမ်းရေးဖြစ်စဉ် ဆွေးနွေးပွဲများတွင် ပြန်လည်ကုစားမှုနှင့် အသက်ရှင်ကျန်ရစ်သူများအား အကူအညီပေးရေးကိစ္စအား ထည့်သွင်းဆွေးနွေးရန်။
- လက်ကျန်နိုင်ငံရေးအကျဉ်းသားများအား ခြွင်းချက်မရှိ လွှတ်ပေးရန်။

၂၀၁၁၊ ဇွန်လ ၂၆ ရက်၊ ရန်ကုန်မြို့
**WLB, ND-Burma, AAPP, VWO နှင့် AJAR**

ဆက်သွယ်ရန်

- လိုည်းပိုးငယ် (WLB)၊ ၀၉ ၇၈ ၁၃၂ ၉ ၇၄၂
- ဦးအောင်မျိုးကျော် (AAPP)၊ ၀၉ ၄၂ ၈၁၁ ၇၃၄၈
- ဒေါ်ခင်မိမိခိုင် (VWO)၊ ၀၉ ၇၉ ၅၄၃ ၉၁၀၈

**အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံ (WLB)**

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံမှ နောက်ခံသမိုင်းကြောင်း မတူကွဲပြားသည့် တိုင်းရင်းသူ အမျိုးသမီးအဖွဲ့အစည်း ၁၃ ခုဖြင့် ဖွဲ့စည်းထားပါသည်။ WLB ကို ၁၉ ၉ ၉ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံသည် အမျိုးသမီးများ အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် အရည်အချင်းပြည့်ဝစေရေးတို့အတွက်သာမက အရည်အချင်းမြှင့်တင်ခြင်း၊ စည်းရုံးချဉ်းကပ်ခြင်း၊ သုတေသနပြုစုခြင်းနှင့် မှတ်တမ်းတင်ခြင်းများမှတဆင့် ဒီမိုကရေစီရေးလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် လှုပ်ရှားဆောင်ရွက်ပါသည်။
www.womenofburma.org

**လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် မြန်မာနိုင်ငံ (ND-Burma)**

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် မြန်မာနိုင်ငံ (ND-Burma) သည် လူ့အခွင့်အရေးမှတ်တမ်းတင် နေသည့် တိုင်းရင်းသား၊ လူငယ်နှင့် အမျိုးသမီးအဖွဲ့အစည်းတို့ဖြင့် ၂၀၀၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ အဖွဲ့ဝင်အဖွဲ့အစည်း ၇ ဖွဲ့နှင့် ဆက်စပ်အဖွဲ့အစည်း ၉ ဖွဲ့တို့ဖြင့် ဖွဲ့စည်းထားပြီး ပြည်တွင်းတွင် ND-Burma အနေဖြင့် အမှန်တရားနှင့် တရားမျှတမှုကို ရှာဖွေရန်အတွက် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖော်ထုတ်ကာ ပြန်လည်ကုစားမှု လုပ်ငန်းစဉ်များ ပေါ်ပေါက်လာစေရန်နှင့် အတိတ်မှ ဆိုးဝါးသည့်ချိုးဖောက်မှုများ ထပ်မံမဖြစ်ပွားရေးစေရေးအတွက် လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ ND-Burma သည် ကွင်းဆင်း အချက်အလက်ကောက်ယူသူများအား သင်တန်းပေးခြင်း၊ အဖွဲ့ဝင်များမှ ရရှိလာသည့်အချက်အလက် မှတ်တမ်းများကို Martus Database တွင် ထည့်သွင်းသိမ်းဆည်းခြင်းနှင့် စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်း များတွင် ပါဝင်ခြင်းများ ပြုလုပ်လျက်ရှိသည်။ ထို့ပြင် အခြားသော ကဏ္ဍစုံမှ လူ့အခွင့်အရေးလှုပ်ရှားမှု ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများလည်း ရှိသည်။ www.nd-burma.org

**နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)**

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) အား ၂၀၀၀ ခုနှစ်တွင် ထိုင်း-မြန်မာနယ်စပ်တွင် စတင်တည်ထောင်ခဲ့ပြီး နိုင်ငံရေးအကျဉ်းသားဟောင်းများဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၂ ခုနှစ်မှ စတင်ပြီး မိမိတို့အေအေပီပီ၏ ရုံးခွဲများအား မြန်မာနိုင်ငံအတွင်းရှိ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ မြန်မာနိုင်ငံရှိ လက်ကျန်နိုင်ငံရေးအကျဉ်း သားများ လွတ်မြောက်ရန်အတွက်နှင့် ထိုနိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်လာပြီးနောက် သူတို့၏ ဘဝများ ပိုမိုကောင်းမွန်လာရန် စည်းရုံးလှုံ့ဆော် တိုက်တွန်းပြောဆိုခဲ့၊ ပြောဆိုလျက်ရှိပါသည်။ နိုင်ငံရေးအကျဉ်းသားများနှင့် ၎င်းတို့၏ မိသားစုများအတွက် အကူအညီပေးရေး လုပ်ငန်းစဉ်များ ရှိပြီး ရည်ရွယ်ချက်မှာ ၎င်းတို့အနေဖြင့် ပညာရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ၊ စိတ်ကျန်းမာရေးအတွက် နှစ်သိမ့်ဆွေးနွေးခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုတို့ ရရှိစေရန်ဖြစ်သည်။ www.aappb.org

**ဂိမုတ္တိအမျိုးသမီးအဖွဲ့အစည်း (VWO)**

ဂိမုတ္တိလူမှုဝန်ထမ်းအဖွဲ့ကို ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ဂိမုတ္တိဟူသည်မှာ ပါဠိစကား လုံးဖြစ်ပြီး လွတ်မြောက်မှုဟု အဓိပ္ပါယ်ရသည်။ ဂိမုတ္တိကို စေတနာ့ဝန်ထမ်း အမျိုးသမီးများဖြင့် ဖွဲ့စည်းထားသည်။ ဂိမုတ္တိသည် လူမှုရေးလုပ်ငန်းများ၊ လူသားချင်းစာနာထောက်ထားသည့် အကူအညီများ ပေးလျှက်ရှိပြီး ဆင်းရဲနွမ်းပါးသော မိသားစုများရှိ ကလေးများအတွက် ပညာရေးအထောက်အပံ့ကို လည်း စီစဉ်ဆောင်ရွက်ပေးလျှက်ရှိသည်။ ထို့အပြင် အကာအကွယ်မဲ့သူများအတွက် သုတေသနပြု လုပ်ခြင်း၊ ကွန်ရက် ချိတ်ဆက်ခြင်း၊ ၎င်းတို့၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်လာရာမှ တဆင့် သင့်တင့် ကောင်းမွန်သည့် လူမှုပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရန် တိုက်ရိုက်ချိတ်ဆက်လျှက်ရှိသည့်အပြင် အမျိုးသမီး နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် စိတ်ဓာတ်မြှင့်တင်ရေး အထူးအစီအစဉ်များကိုလည်း စီစဉ်ဆောင်ရွက်လျှက်ရှိသည်။

**အာရှတရားမျှတမှုနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့ (AJAR)**

အာရှတရားမျှတမှုနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့ (AJAR) သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် အခြေစိုက်သော ဒေသလုံးဆိုင်ရာ လူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့ဖြစ်သည်။ AJAR သည် ပြစ်ဒဏ်ခတ်မခံရခြင်းမှ ကင်းလွတ်နေမှုကို ဆန့်ကျင်တိုက်ခိုက်နေသည့် ဒေသတွင်းနှင့် နိုင်ငံလုံးဆိုင်ရာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရန်၊ အာရှ-ပစိဖိတ်ဒေသတွင် လူ့အခွင့်အရေးချိုးဖောက်မှု အမြောက်အများ၏ မူလအကြောင်းခံ အရင်းအမြစ်များမှ သင်ခန်းယူရန် ဆန္ဒရှိရေး၊ တာဝန်ယူမှု တာဝန်ခံမှုရှိရေးနှင့် တရားမျှတမှုရရှိရေးတို့ကို အခြေခံ၍ ယဉ်ကျေးသော လူမှုဘဝ တည်ဆောက်နိုင်စေရန်အတွက် ဖြည့်ဆည်းပံ့ပိုးပေးရန် ဆောက်ရွက်လျက်ရှိသည်။ www.asia-ajar.org